# Dermatology and Aesthetic Centre

## Collagen Thread Life

## ကော်လဂျင်ကြိုးထိုး၍အသားရေကို ပြန်လည်ပင့်တင်ပေးခြင်း

### ကော်လာဂျင်ကြိုးထိုးခြင်းဖြင့် ရနိုင်သော အကျိုးကျေးဇူးများ

- အသားရေကို ပိုမိုတင်းရင်းစေခြင်း
- အသားရေကို ကြည်လင်တောက်ပစေခြင်း
- လျော့တွဲကျနေသော အသားရေကို ပြန်လည် ပင့်တင်စေနိုင်ခြင်း
- ချွေးပေါက်များ ကျဉ်းစေခြင်း
- နှာတံဖော်ခြင်း
- ခွဲစိတ်စရာ မလိုသောကြောင့် အမာရွတ် မကျန်ခြင်း
- အဆီပိုများကို ပျော်ဝင်စေပြီး အသားရေကို ကျစ်လစ်စေခြင်း

### ကြိုးထိုးခြင်းမှရနိုင်သော ဆိုးကျိုးများမှာ

- ကြိုးထည့်နေစဉ်နှင့် ကြိုးထည့်ပြီးနောက် နာကျင်ခြင်း
- မျက်နှာ အနေအထား တဘက်နှင့်တဘက် မညီမညာဖြစ်တတ်ခြင်း
- ရောဂါပိုးဝင်ခြင်း
- မျက်နှာယောင်ယမ်းခြင်း၊ နီရဲခြင်း
- ကြိုးကိုစမ်းမိနေခြင်း
- ကြိုးနေရာရွှေ့ခြင်း
- ကြိုးပြတ်ခြင်း

## ကြိုးထိုးပြီးနောက် ဆောင်ရန်ရှောင်ရန်များ

- နေ့စဉ်လုပ်ငန်းဆောင်တာများ (လမ်းလျှောက်ခြင်း၊ ထထိုင်ခြင်း၊ တီဗွီကြည့်ခြင်း၊ ကွန်ပျူတာသုံးခြင်း စသည်ဖြင့်)ကို ကြိုးထိုးပြီး (၁)နာရီအကြာတွင် ပြန်လည်လုပ်ဆောင်နိုင်ပြီဖြစ်သည်။ သို့ရာတွင် ညင်သာစွာ လုပ်ဆောင်ပါရန်။

- ကြိုးထိုးပြီးနောက် မျက်နှာရောင်ရမ်းခြင်း၊ သွေးခြေဥခြင်းများသည် ဖြစ်တတ်သည့်သဘောဖြစ်ကာ (၁)ပတ် မှ (၁၀)ရက်အကြာတွင် သူ့အလိုလို ပျောက်ကင်းသွားမည်ဖြစ်သည်။

- Make up များ၊ foundation များကို ကြိုးထိုးပြီး (၄၈)နာရီကျော်မှ စတင်လိမ်းသင့်ပါသည်။

- ကြိုးထိုးပြီး (၁)ပတ်အတွင်း ပါးစပ်ကျယ်ကြီးဟကာ ရယ်မောခြင်း၊ သန်းဝေခြင်း စသည့် လွန်ကဲသော မျက်နှာအမူရာ လှုပ်ရှားမှုများ၊ ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ၊ အားကစားလုပ်ခြင်းများကို မပြုလုပ်သင့်ပါ။

- ကြိုးထိုးပြီး (၁)ပတ်အတွင်း မျက်နှာမှောက်လျက် အိပ်ခြင်းကိုရှောင်ပါ။ တဖက်ထဲသို့ ဖိပြီး စောင်းအိပ်ပါကလည်း ကြိုးနေရာရွှေ့ခြင်း၊ ပြတ်ခြင်း ဖြစ်တတ်သောကြောင့် ပက်လက်အိပ်သင့်ပါသည်။

- ကြိုးထိုးပြီး (၁)ပတ်အတွင်း မျက်နှာအမွှေးရိတ်ခြင်း၊ chemical peel လုပ်ခြင်း၊ exfoliant ပါသော မျက်နှာသစ်ဆေး အပြင်းစားများ သုံးခြင်းကိုရှောင်ရပါမည်။

- မျက်နှာကို နှိပ်နယ်ခြင်း၊ မကြာခဏ ကိုင်တွယ်ပွတ်သပ်ခြင်းသည် ကြိုးကို နေရာရွှေ့စေ၊ ထိခိုက်စေတတ်သောကြောင့် ရှောင်ကြဉ်သင့်ပါသည်၊

- ပိုးသတ်ဆေးများ၊ အယောင်ကျဆေးများ နှင့် အကိုက်ခဲပျောက်ဆေးများကို ဆရာဝန်ညွှန်ကြားသည့်အတိုင်း သောက်သုံးပါ။

- မျက်နှာကို လေဆာ (သို့) Radiofrequency အပူလှိုင်းများဖြင့် ကုသခြင်းသည် ကြိုးကို အရည်ပျော်စေသောကြောင့် ထိုကုသမှုများပြုလုပ်မည်ဆိုပါက ကြိုးထိုးပြီး (၆)လအထိ စောင့်သင့်ပါသည်။

- ကြိုးထိုးထားသည့်နေရာတွင် အလွန်အမင်း နီရဲလာခြင်း၊ ရှုတ်တရက် နာကျင်လာခြင်း၊ ပြည်တည်လာခြင်းစသည့် ပိုးဝင်သည့် လက္ခဏာများပြလာပါက ဆရာဝန်ကို ဆက်သွယ်အကြောင်းကြားပါ။